# စာရေးသူ၏ အမှာစာ

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များ၏ အမြင့်မားဆုံး ရည်မှန်းချက်၊ သို့မဟုတ် နောက်ဆုံးပန်းတိုင်မှာ သံသရာဝဋ်ဆင်းရဲမှ အပြီးတိုင် လွတ်မြောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေး ဖြစ်ပါသည်။ ထိုသို့ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းကို အဓိကထား လမ်းညွှန်ဟောကြားတော်မူစေကာမူ အိမ်ရာတည်ထောင် လူ့ဘောင်နေ လူဝတ်ကြောင်တို့၏ ပကတိအရှိဘဝ အနေအထားကို သိမြင်နားလည်တော်မူပါသည်။ အသက်ရှင်တည်မြဲရေး၊ စားဝတ်နေရေး၊ မိသားစုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသော အရေးအရာ အဖြာဖြာတို့နှင့် ထွေးလုံးရစ်ပတ်၊ ရုန်းကန်လှုပ်ရှားနေရသော လူဝတ်ကြောင်တို့ နိဗ္ဗာန်မရောက်မီစပ်ကြား ပစ္စုပ္ပန်ဘဝတွင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ ရပ်တည်ရှင်သန်နိုင်စိမ့်သောငှာ ရည်ရွယ်၍လည်း တရားဓမ္မတို့ကို ဟောဖော်ညွှန်ပြတော်မူခဲ့ပါ၏။

မြတ်စွာဘုရား ဟောကြားတော်မူသော သုတ္တန်ဒေသနာတော်များသည် ဗဟုသုတပဒေသာပင်၊ ဗဟုသုတ စွယ်စုံကျမ်းကြီးများဟု ဆိုနိုင်ပါသည်။ ဘဝခရီး နှင်နေကြသောလူတို့အတွက် ရည်ရွယ်ချက် အောင်မြင်စေသော လမ်းညွှန်ချက်များ၊ လောကခံကို မတုန်မလှုပ် တည်တည်ငြိမ်ငြိမ် ရင်ဆိုင်စေသော သွန်သင်ချက်များ၊ သမ္မာအာဇီဝဘောင်အတွင်းမှ အခြေမြင့်မြင့် အနေတင့်စေနိုင်သော လမ်းညွှန်ချက်များ၊ ဂုဏ်သိက္ခာ မြင့်မားထွန်းပြောင်စေနိုင်သော လမ်းညွှန်ချက်များ၊ အခြွေအရံများစေနိုင်သော လမ်းညွှန်ချက်များ၊ အသက်ရှည်စေနိုင်သော လမ်းညွှန်ချက်များ၊ အဆင်းလှစေနိုင်သော လမ်းညွှန်ချက်များ စသည်တို့ကို သုတ္တန်ဒေသနာတော်များတွင် ကုံကုံငငြ ပြည့်ပြည့်စုံစုံ ဖော်ပြပါရှိပါ၏။ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များတွင် ပစ္စုပ္ပန်ဘဝ အောင်မြင်ကြီးပွားစေသော လမ်းညွှန်ဆုံးမမှုများလည်း အများအပြား ပါဝင်ကြောင်း ထင်ရှားသိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် 'ဗုဒ္ဓ၏ အောင်မြင်ရေး လမ်းညွှန်ချက်များ' ဟု ခေါင်းစဉ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကြီးတွင် ဆောင်းပါးပုဒ်ရေ ၁၂၀ ဖော်ပြထားရာ စာဖတ်သူတို့အနေဖြင့် မြတ်စွာဘုရား၏ အောင်မြင်ရေးလမ်းညွှန်ချက်များကို ပြည့်စုံနိုင်သမျှ ပြည့်စုံစွာ အားပါးတရ ဖတ်ရှုလေ့လာနိုင်လိမ့်မည်၊ စကားပြေအရေးအသားကို ရှင်းလင်းချောမွေ့စေရန် အစွမ်းနိုင်ဆုံး ကြိုးစားအားထုတ်ထားသောကြောင့် စာဖတ်သူအများစုအနေဖြင့် နားလည်လွယ်လိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

ဆရာကြီး ဒဂုန်ဦးစန်းငွေ၊ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၊ ဆရာကြီး ဓမ္မာစရိယဦးမောင်မောင်လေး၊ ဆရာကြီး ဦးလေးမြိုင်တို့ ပြုစုခဲ့သော စာပေကျမ်းမြတ်များအပေါ် အမှီပြု၍ ဤဆောင်းပါးများကို ရေးသားခဲ့သောကြောင့် ရိုသေလေးစားအပ်သော ဓမ္မစာပေပညာရှင်ဆရာကြီးများ၏ ကျေးဇူးအမွန်ကို ဦးတင်ပါသည်။

ဤဆောင်းပါးများကို 'ပင်တိုင်ဆောင်းပါး' အဖြစ် နေရာပေးဖော်ပြခဲ့သော The Flower News ဂျာနယ် တာဝန်ခံ အယ်ဒီတာ ဆရာနွယ်ဦးလှိုင်နှင့် အယ်ဒီတာအဖွဲ့ကိုလည်းကောင်း၊ ကျွန်တော်၏ စာမူများကို အပြင်အဆင်ကောင်းကောင်းဖြင့် စီစဉ်ထုတ်လုပ်ပေးသော ဦးဉာဏ်အောင် (အလင်းသစ်စာပေ) ကို လည်းကောင်း၊ ကျွန်တော် ရေးသားခဲ့သော စာအုပ်များကို ၄၂ အုပ်မြောက်အထိ ဝယ်ယူအားပေး ဖတ်ရှုကြသော ကျွန်တော် ချစ်ခင်လေးစားသော စာဖတ်ပရိသတ်များကို လည်းကောင်း ကျေးဇူးအထူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မင်းနန် (မော်ကျွန်း)**

❒